မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင်များအသင်း
Myanmar Forest Products and Timber Merchants Association
No.29, Min Ye Kyaw Swar Street, (UMFCCI TOWER) Lanmadaw Township,
Yangon, Myanmar. Tel : (+95)-1-2314838, 2314839.
E-mail : mfpmf.5june2015@gmail.com, info@mfpmf.org, www.mfpmf.org

# မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့်သစ်လုပ်ငန်းရှင်များအသင်း၏ ဥရောပအဖွဲ့ဝင်နိုင်ငံများသို့ မြန်မာနိုင်ငံမှ ကျွန်းသစ်တရားဝင် တင်ပို့ခြင်းနှင့် ပတ်သက်သည့်ထုတ်ပြန်ကြေညာချက်

ရက်စွဲ ။၂၀၂၀ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်။

၁။ **EUTR နှင့်ပတ်သက်၍ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့်သစ်လုပ်ငန်းရှင်များအသင်း၏အမြင်**

(က) ၂၀၁၃ခုနှစ်မှစတင်၍ EU Timber Regulation - EUTR ကို စတင်ကျင့်သုံးအကောင်အထည်ဖော်ခဲ့သည့်အပေါ် မြန်မာ့ကျွန်းသစ်ကို တရားဝင်သစ်ကုန်သွယ်မှု ဆောင်ရွက်လိုသော မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင်များအသင်းအနေဖြင့် EUTR အရ Due Diligence ကို လိုက်နာပြီး ဆောင်ရွက်ခြင်းဖြင့် တရားမဝင် သစ်ကုန်သွယ်ခြင်း၊ တရားမဝင်သစ်ခုတ်လှဲခြင်းများ ပပျောက်သွားပြီး သစ်တောပြုန်းတီးခြင်းနှင့် ဂေဟစနစ်ပျက်စီးခြင်းကို ထိရောက်စွာ ကာကွယ်နိုင်မည်ဟု ယုံကြည်ပါသည်။

(ခ) ကမ္ဘာ့ကျွန်းဈေးကွက်အတွင်း မိမိတို့၏ အိမ်နီးချင်းနိုင်ငံများထံမှ မြန်မာ့ကျွန်းသစ်ကို တရားမဝင် ဝယ်ယူကုန်သွယ်ခြင်းအား တားဆီးရာရောက်သကဲ့သို့ တရားဝင်ကျွန်းသစ်ကို မြန်မာနိုင်ငံမှ တိုက်ရိုက် ဝယ်ယူခြင်းကို အားပေးရာလည်းရောက်သဖြင့် EUTR 2013 ကို မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင်များအသင်း အနေဖြင့် အထူးပင်ကြိုဆိုပါကြောင်း အလေးအနက်ထား ဖော်ပြလိုပါသည်။

၂။ **ထုတ်လုပ်တင်ပို့ရောင်းချသူနှင့် ဝယ်ယူတင်သွင်းသူများအခြေအနေ**

(က) မြန်မာနိုင်ငံမှထုတ်လုပ်တင်ပို့သည့်လုပ်ငန်းရှင်များအနေဖြင့် မြန်မာ့သစ်လုပ်ငန်းမှ ကုန်ကြမ်းကိုသာ မှီခိုနေရသည့်အတွက် မြန်မာ့သစ်လုပ်ငန်းမှ ဝယ်ယူစဉ်ကတည်းက FLEGT လုပ်ငန်းစဉ်နှင့်အညီ မြန်မာနိုင်ငံ၏ လက်ရှိကျင့်သုံးနေသော တရားဝင်သစ်ဖြစ်ကြောင်း နောက်ကြောင်းပြန် စိစစ်နိုင်သည့်စနစ် COC Dossier နှင့်အညီ အစစ်ဆေးခံနိုင်သည့် သစ်များကိုသာ ဝယ်ယူအသုံးပြုပါသည်။

(ခ) ထို့အပြင် Third Party များမှလည်း အသုံးပြုသောကုန်ကြမ်းများ၏တရားဝင်သစ်ဖြစ်ကြောင်း စစ်ဆေးမှုခံယူနိုင်ခြင်းနှင့် စက်ရုံ၌ကုန်ချောထုတ်လုပ်စဉ်တွင်လည်း အခြားတရားမဝင်ကုန်ကြမ်းအစားထိုးမှုမှ ရှောင်ရှားထုတ်လုပ်ခြင်းများကို အောက်ပါအဆင့်တိုင်းတွင် စစ်ဆေးမှုများ ပြုလုပ်ပြီးမှသာ တင်ပို့ရောင်းချလျက်ရှိပါသည်။

(၁) သစ်ပင်ငုတ်ရင်းမှ အဆင့်ဆင့်ထုတ်လုပ်သယ်ယူခြင်းအား အစစ်ဆေးခံနိုင်ခြင်း။

(၂) စက်ရုံသို့ ရောက်ရှိလာသည့်ကုန်ကြမ်းများအား သစ်တောဦးစီးဌာနနှင့် Third Party မှ စနစ်တကျအစစ် ဆေးခံခြင်း။

(၃) ရောက်ရှိပြီး ကုန်ကြမ်းများအား စနစ်တကျသစ်တောဦးစီးဌာနနှင့် Third Party မှ အစစ်ဆေးခံပြီးနောက် ကုန်ချောထုတ်လုပ်ခြင်း။

(၄) ထုတ်လုပ်မှု လုပ်ငန်းစဉ်တလျှောက် သစ်တောဦးစီးဌာနနှင့် Third Party မှ စနစ်တကျ ထိန်းကျောင်းကြပ်မတ် စစ်ဆေးခံထုတ်လုပ်ထားသည့် သစ်များကိုသာ တင်ပို့ရောင်းချခြင်း။

(ဂ) ဥရောပသမဂ္ဂမှ တင်သွင်းသုံးစွဲသူများအနေဖြင့် တရားဝင်ထုတ်လုပ်သည့် မြန်မာနိုင်ငံလုပ်ငန်းရှင်များထံမှသာ တိုက်ရိုက်တင်သွင်းခြင်းဖြင့် မိမိ၏ကုန်သွယ်ဖက် ထုတ်လုပ်တင်ပို့သူကို EUTR အတိုင်း လိုက်နာဆောင်ရွက်မှု ရှိ/မရှိကို အမြဲမပြတ် ကြပ်မတ်ထိန်းကျောင်းခြင်းအားဖြင့် တရားဝင် ကုန်သွယ်မှုစနစ် ပိုမိုဖြစ်ထွန်းလာမည်ဖြစ်ပါသည်။

(ဃ) အထက်တွင် ဖော်ပြခဲ့သည့်ချမှတ်ထားသည့် EUTR, COC Dossier, MTLAS စသည့်လုပ်ထုံး လုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ စနစ်များကို ထုတ်လုပ်တင်ပို့သူနှင့် တင်သွင်းသုံးစွဲသူနှစ်ဦး နှစ်ဖက်စလုံးမှ လိုက်နာ၍ No Risk အခြေအနေဆောင်ရွက်နိုင်မှသာလျှင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ ပုံမှန်သစ်ကုန်သွယ်နိုင်ပြီး မိမိတို့ စက်ရုံများကို မှီခိုနေသော လုပ်သားများ၊ ၎င်းတို့မိသားစုများ အလုပ်လက်မဲ့မဖြစ်စေတော့သည့်အပြင် ကောင်းမွန်သော စီးပွားရေးစနစ်တစ်ခုဆောင်ရွက်နိုင်မှာ ဖြစ်သကဲ့သို့ သစ်တင်သွင်းသုံးစွဲသူများအနေဖြင့်လည်း ဂုဏ်သရေရှိစွာ တရားဝင် ကျွန်းသစ်တင်သွင်း သုံးစွဲသူအဖြစ် ရပ်တည်နိုင်မှာဖြစ်ကြောင်း ကောင်းစွာသိရှိထားပါသည်။

၃။ <u>မြန်မာနိုင်ငံမှ EUTR လိုက်နာဆောင်ရွက်ချက် တိုးတက်မှုအခြေအနေ</u>

နိုင်ငံတော်အစိုးရနှင့်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတို့အနေဖြင့် အောက်ပါပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်ခဲ့သည့်ကို အသိအမှတ်ပြုရမည်ဖြစ်ပေသည်။

(က) FLEGT Voluntary Partnership Agreement (VPA) လုပ်ငန်းစဉ်ကို ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခါ Multi-Stakeholder Group များကို အမျိုးသားအဆင့်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်အထိ ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်ပါသည်။

(ခ) ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ နိုင်ငံတော်အနေဖြင့် နှစ်စဉ်သစ်တောထွက်ပမာဏ (Annual Allowable Cut-AAC) ၏ ၅၀%ခန့်သာ သစ်ထုတ်လုပ်ရန်ပြောင်းလဲဆောင်ရွက်ခဲ့ခြင်း။

(ဂ) မြန်မာ့သစ်လုပ်ငန်း(MTE)မှသစ်ရောင်းချခြင်းကို ပွင့်လင်းမြင်သာသည့် အိတ်ဖွင့်တင်ဒါစနစ်(Open Tender) တစ်မျိုး တည်းဖြင့်သာ ရောင်းချခြင်း။

(ဃ) ရောင်းချပြီးသည့်သစ်များအတွက် ပြန်လည်အစစ်ဆေးခံရာတွင် အသုံးပြုရမည့် သက်ဆိုင်သည့် ခိုင်မာသောစာရွက်စာတမ်းအထောက်အထားများကို ဝယ်ယူသူသို့ တပါတည်းထုတ်ပေးခြင်း။

(င) ကျွန်းသစ်အားလုံးအား ငုတ်ရင်းအထိ လွယ်ကူစွာနောက်ကြောင်းပြန် ပြန်လည်စစ်ဆေးနိုင်နိုင်ရန် QR Code စနစ်အား စတင်ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်လာခြင်း။

၄။ <u>EU မှ မြန်မာနိုင်ငံအပေါ် အမြင်သဘောထား</u>

(က) EU အနေဖြင့် CA များ၏ အစီရင်ခံစာများကို အခြေခံ၍ မြန်မာနိုင်ငံအပေါ် ရှုမြင်နေရပါသည်။ European Commission (EC) and Competent Authority (CA) များအနေဖြင့် လွတ်လပ်သောစစ်ဆေးမှုမဟုတ်ဘဲ မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်နှင့် သစ်တောစီမံခန့်ခွဲမှုအပေါ် ပြည့်စုံလုံလောက်သောလေ့လာဆန်းစစ်မှုမဟုတ်သည့် INGO များ၏ အစီရင်ခံစာများနှင့် (INGO Reporter) ၏ ရေးသားချက်များ (အထူးသဖြင့် တဖက်သတ်အမြင်ဖြင့်ရေးသားထားချက်များ) ကို ရည်ညွှန်းပြီးကောက်ချက်ဆွဲဆုံးဖြတ်သည်ကို သတိပြုမိပါသည်။

(ခ) ဥပမာအားဖြင့် FOREST TRENDS မှ ၂၀၂၀ စက်တင်ဘာအတွင်းက ရေးသားခဲ့သည့် ဘလောက်တစ်ခုတွင် Sweden နိုင်ငံသို့ ၁၈၀၀ ကုဗမီတာနှင့်ညီမျှသောသစ်များ မြန်မာနိုင်ငံမှ ၂၀၂၀ခုနှစ်တွင် တင်သွင်းခဲ့သည်ဟု ဖော်ပြပါရှိသော်လည်း မြန်မာနိုင်ငံမှ အမှန်တကယ် ပြည်ပတင်ပို့ခဲ့သည့် သစ်တောဦးစီးဌာန၏ အချက်အလက်များအရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ၂၀၂၀ စက်တင်ဘာလကုန်အထိသစ်ခွဲသား <u>၄၀၇. ၆၉၂၄တန် (၅၇၇. ၂၉၂၄ ကုဗမီတာ)</u>သာ တင်ပို့ခဲ့ ကြောင်း စာရင်း၌ တွေ့ရှိသဖြင့် စာရင်းနှစ်ခုလွန်စွာကွာခြင်းများယွင်းနေပါသည်။

(ဂ) ထို့အပြင် ITTO မှ ၂၀၂၀ခုနှစ် အောက်တိုဘာလတွင် ထုတ်ပြန်သည့် TROPICAL TIMBER MARKET REPORT ၌ ဖော်ပြထားသောမြန်မာနိုင်ငံ၏ တရားမဝင်သစ်တိုက်ဖျက်ရေးလုပ်ငန်းများကို မျက်ကွယ်ပြုသည်မှာ ထင်ရှားစွာတွေ့မြင်နိုင်ပါသည်။

၅။ **မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့်သစ်လုပ်ငန်းရှင်များအသင်း၏သုံးသပ်ချက်အနှစ်ချုပ်**

(က) အချုပ်အားဖြင့် ယခုကဲ့သို့ သစ်ထုတ်လုပ်ခြင်း၊ ကုန်ချောထုတ်လုပ်ခြင်း၊ ပြည်ပတင်ပို့ခြင်းအား အရှိန်အဟုန်ဖြင့် ပြုပြင်ပြောင်းလဲဆောင်ရွက်နေချက်များအား ဥပေက္ခာမပြုသင့်ပါကြောင်း၊ မြန်မာနိုင်ငံမှ ထွက်ရှိသော ကျွန်းသစ်များသည် တရားမဝင်ပါဟု စွပ်စွဲပြောကြားချက်များသည် လုံးဝ တရားမျှတမှုမရှိဘဲ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများ၊ နိုင်ငံတကာ တည်ဆဲဥပဒေများအား လိုက်နာပြီး တရားဝင်ကုန်သွယ်နေခြင်းကို အဟန့်အတား ပြုရာရောက်ပါကြောင်းဖော်ပြလိုက်ပါသည်။ ထိုသို့ ပြုမူဆောင်ရွက်ခြင်းသည်အထက်တွင် ဖော်ပြရှင်းလင်းခဲ့သည့်အတိုင်း EUTR, Due Diligence, MTLAS COC Dossier ၊ သစ်တောဦးစီးဌာနနှင့် Third Party အစစ်ဆေးခံခြင်းတို့ကို လိုက်နာ ကျင့်သုံးနေသည့်ထုတ်လုပ်တင်ပို့သူနှင့် တင်သွင်းသုံးစွဲသူများ၏ စီးပွားရေးကို ပျက်စီးစေပြီး ၎င်းတို့၏ လုပ်သားများကို အလုပ်လက်မဲ့ဘဝသို့ တွန်းပို့ရာရောက်ကြောင်းနှင့် မိခိုသူမိသားစုများအတွက် ဘဝ ရပ်တည်ရေးခက်ခဲမှုရှိနိုင်ပါကြောင်း အတိအလင်းဖော်ပြလိုပါသည်။

(ခ) အထူးတင်ပြလိုသည်မှာ မြန်မာနိုင်ငံမှ တရားဝင်ထုတ်လုပ်တင်ပို့သူများနှင့် EU မှ တင်သွင်းအသုံးပြု သူတို့၏ စီးပွားရေးပျက်စီးခြင်း၊ လုပ်သားများအလုပ်လက်မဲ့ဖြစ်၍ ဒုက္ခများမဖြစ်ပေါ်စေရေးအတွက် တရားမျှတစွာ ဆောင်ရွက်စေလိုပါကြောင်း မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင်များ အသင်းမှ ကြေညာအပ်ပါသည်။

(အမှုဆောင်အဖွဲ့)
မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့်သစ်လုပ်ငန်းရှင်များအသင်း